မြင်းတိုက်ကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြင်းတိုက်ကျေးရွာ၊ ကလောမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စကားချီး ၅
မြင်းတိုက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလောမြို့နယ် ၇
(၁) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၈
(၂) သဘာဝအရင်းအမြစ်များ ၈
(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၅
(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၆
(က) သီးနှံစိုက်ပျိုးရေး
(၂) မွေးမြူရေးလုပ်ငန်း
(ဂ) ငါးလုပ်ငန်း
(ဃ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ
(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈
(က) ကျေးလက် သယ်ယူပို့ဆောင်ရေး
(ခ) ကျေးရွာမီးလင်းရေး
(ဂ) သတင်းနှင့် ဆက်သွယ်ရေး
၆။ ပညာရေး ၈
၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉
၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉
၉။ ကျား – မ ရေးရာ ကိစ္စရပ်ဆိုင်ရာ ၉
၁၀။ ဦးစားပေးစီမံချက်များ ၁၀

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော

လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေး ဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏာန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက် လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မြင်းတိုက်ကျေးရွာ
ကလောမြို့နယ်

မြင်းတိုက်ကျေးရွာသယံဇာတပြမြေပုံ၊ ကလောမြို့နယ်



(၁)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

မြင်းတိုက်ကျေးရွာသည် ကလောမြို့နယ်၊ ရပ်ကွက်(၁၁)နှင့် တောင်လား၊ တောင်ကွဲ အုပ်စုသွားကားလမ်းဘေးတွင် တည်ရှိသည်။ စီးပွားရေးအရအချက်အခြာကျသော ကလော မြို့နှင့် (၉)မိုင်ကွာဝေးသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် သွားလာရ လွယ်ကူ သည်။ ကျေးရွာတည်ရှိရာသည် ကုန်းပြင်မြင့် ဖြစ်သည်။ အရှေ့ဖက်တွင်ရွာရှိပြီး၊ အနောက် ဖက်တွင်တောင် တန်းရှိသည်။ အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ၄၀ ကျော်တွင်ရှိသဖြင့် စိုက်ပျိုး ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုသည်။ စိမ့်စမ်းရေရရှိသဖြင့် နွေရာသီ တွင်လည်း စိုက်ပျိုးနိုင်သည်။လယ်မြေအသင့်အတင့်ရှိပြီး ယာမြေက ပိုများသည်။ စပါး၊ ဂျုံး၊ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရန်နှင့်သက်မွေး ဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာဖြစ်သည်။

(၂) သဘာဝအရင်းအမြစ်

မိုးရာသီတွင် မိုးကောင်းစွာရွာသွန်းသဖြင့် စိုက်ပျိုးမြေများအတွက် ရေကို လွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြကာစိုက်ပျိုးရေးအတွက်အကျိုးဖြစ်ထွန်းသည်။ကျေးရွာတွင်လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးမြေဧက (၃၀)ခန့်ရှိပြီး မိုးစပါးနှင့် ဂျုံးသီးနှံများကို အဓိကစိုက်ပျိုးသည်။ကျေးရွာတွင် သဘာဝတွင်းထွက် သယံ ဇာတများ မထွက်ရှိပါ။ ကျေးရွာအနောက်ဖက် ရှိတောင်တန်းများသည် သဘာဝပေါက် ပင်များစုံလင်စွာ ပေါက်ရောက်ပြီး ကျေးရွာလူထုအတွက် ထင်း၊ဝါး၊သက်ငယ် ၊ဆေးဖက် ဝင်အပင်နှင့် နွားစာများရရှိသည်။ဂင်းတော ကိုကျေးရွာမှ ထိမ်းသိမ်းထားသဖြင့် စိမ့်စမ်းရေ ခမ်းခြောက်မှုမရှိဘဲ သောက်သုံးရေ လုံလောက်စွာ ရရှိကြသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ ဆေးဘက်ဝင် အပင် များမှာ သာမန်တွေ့ရများသောအပင်များသာ ရှိသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

အိမ်ထောင်စုပေါင်း (၁၅၁)စု နှင့်ကျား(၃၀၁)၊ မ(၂၉၆) ဦးဖြင့် လူဦးရေပေါင်း(၅၉၂)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ကျေးရွာတွင်ခနုနှင့်ပအိုဝ်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ် နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏၇၀%ရှိပြီး အမျိုးသမီးမှာအမျိုးသားအရေ အတွက်ထက် အနည်းငယ်သာနည်းသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များ

ကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူ ပြုစေနိုင်ပါမည်။

(၄)စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က)သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စပါး၊ဂျင်း၊ကြက်သွန်ဖြူနှင့်ဟင်းသီးဟင်းရွက်ကိုအဓိကထား စိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက(၃၀)ရှိပြီး သီးထပ်အဖြစ်နှမ်းသီးနှံကိုစိုက်ပျိုးကြသည်။ မိုးစပါးတစ်ဧကပျမ်းမျှအထွက်မှာ(၄၅)တင်း၊ကြက်သွန် တစ်ဧကပျမ်းမျှအထွက်(၈၀၀)ပိဿာနှုန်းနှင့် ဂျင်းတစ်ဧက ပျမ်းမျှအထွက် (၄၀)ပိသာတို့ထွက်ရှိကြသည်။ တောင်သူအများစုသည် စိုက်ပျိုးချိန်တွင် တစ်ပြိုင်နက်တည်း စိုက်ပျိုး ကြသဖြင့်လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားငှားရမ်းခစျေးကြီးမြင့်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကိုငှါးရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့် မားရသည်။ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာကို လွယ်ကူစွာဝယ်ယူနိုင်သော်လည်း စျေးနှုန်းကြီးမြင့် နေတတ်သည်။ ပိုးသတ်ဆေး အရည်အသွေးမပြည့်ဝမှုကြောင့် ဆေးဖျန်းသော်လည်း မနှိမ်နင်းနိုင် ကြောင်းတွေ့ရသည်။ ဖျက်ပိုးကာကွယ်၊ နှိမ်နှင်းနည်းကိုလည်းစနစ်တကျတတ်မြောက်မှုမရှိကြပါ။

ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ အနေဖြင့် လက်တွန်းထွန်စက် (၁)လုံး၊ ခြွေလှေ့ စက်(၁)လုံး၊ ရေစုပ် စက်(၃)လုံး၊မြက်ရိတ်စက်(၁)လုံးသာပိုင်ဆိုင်မှုရှိသဖြင့် လယ်ယာလုပ်ငန်းကို လူ၊လုပ်အားဖြင့် သာလုပ်ကိုင်ကြရသည်။ ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှါးရမ်းထွန်ယက်ကြရာတွင် တစ်နာရီလျှင် ၂၀၀၀၀/-ကျပ်နှုန်းဖြင့် ငှါးရမ်းထွန်ယက်ရသည်။ ထို့ကြောင့် စျေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးအတွက် လိုလားနေကြသည်။

(ခ)မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကျွဲ၊နွားမွေးမြူသူအိမ်ထောင်စု (အနည်းငယ်)ရှိပြီးခိုင်းရန်အတွက် မွေးမြူကြသည်။ဝက်မွေးသူအိမ်ထောင်စုမှာ (၂၁)အိမ်သာရှိပြီး ဒေသမှဝက်မျိုးများကို တစ်အိမ်လျှင် (၁) ကောင်၊ (၂)ကောင်မျှသာမွေးမြူကြသည်။ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများနည်းပါးသည်။ ရာသီအလိုက် ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ

ကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေ နည်းပါးသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကိုသာ အစဉ် အဆက်လုပ်ကိုင်ကြခြင်း၊ ၎င်းလုပ်ငန်းမှ ဝင်ငွေအထိုက်အလျောက် ရရှိနိုင်ခြင်းနှင့် မိရိုး ဖလာဓလေ့အရမွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက်လုပ်ကိုင်သူနည်းပါးသည်။ မွေးမြူရေးဆိုင်ရာဗဟုသုတနည်းပါးခြင်း၊ ကူးစက်ရောဂါ အခါအားလျော်စွာ ကျရောက် တတ်ခြင်းနှင့် ဝင်ငွေရရှိမှု နည်းပါးခြင်းတို့ကြောင့်လည်း မွေးမြူရေး လုပ်ငန်းကို စိတ်ဝင် စားမှုနည်းကြသည်။

(ဂ)ငါးလုပ်ငန်း

ကျေးရွာတွင် ရေမြေအနေအထားနှင့် မွေးမြူရန်နေရာအဆင်မပြေသောကြောင့် ငါး မွေး မြူရေး လုပ်ငန်းများ မရှိပါ။

(ဃ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းမှအပအိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြား ဝင်ငွေရ လုပ်ငန်းများမှာနေ့စားအလုပ်များ ၊ထော်လာဂျီမောင်း၊အုတ်ရိုက်၊ဈေးဆိုင်ရောင်း၊ လက်သမား၊ပန်းရံလုပ်ငန်းနှင့် ကျောင်းဆရာမ/အစိုးရဝန်ထမ်းတို့ ဖြစ်ကြသည်။ လုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့် အတင့်အနေအထားတွင်ရှိသည်။ တစ်ချို့ ကျပမ်းအလုပ်သမားအချို့သည် လခစား အလုပ် အနေဖြင့်အလုပ်လုပ်ကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ် ရနိုင် ကြသည်။ ကျေးရွာတွင် စပါးနှင့် သီးနှံများကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးနှင့် နှမ်းစိုက်ပျိုး ချိန်နှင့် ရိတ်သိမ်းချိန်များတွင် တစ်နေ့လုပ်အားခကို ပျမ်းမျှ၅,၀၀၀/- မှ ၇,၀၀၀/- ကျပ်အတွင်း ရနိုင်ကြသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၃၀ မှ ၄၀)ခန့်ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သော ဦးရေများပြားပြီးလူ့အရင်းအမြစ် အလားအလာ ကောင်း တစ်ရပ်ဖြစ်သည်။ကလောနှင့်အောင်ပန်းမြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်သည့် (အပ်ချုပ်၊ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ဝပ်လျှော် စသည့်သင်တန်းများ

ရှိသော်လည်း စိတ်ဝင်စားမှုနည်းပါးခြင်း၊ သင်တန်းစရိတ် ခက်ခဲခြင်း ၊ဈေးကွက်နည်းပါးခြင်း တို့ကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများကိုတက် ရောက်သင်ကြားမှုနည်းပါး ကြသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အပြင် လုပ်ငန်းအတွေ့ အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်တွင်ရရှိမှု နည်းသည်။

(c) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် ငွေကြေးဝန်ဆောင်မှုကို Pact Myanmar အဖွဲ့အစည်း များမှ ရရှိကြပြီး ကာလတိုချေးငွေဖြစ်ကာ ၆ လမှ ၁ နှစ် အထိချေးယူနိုင်ကြသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ တောင်လား–တောင်ကွဲသွားလမ်းချဉ်းကပ်လမ်းမှာ မြေသားလမ်းအဆင့်သာ ရှိသေး သည်။လမ်းပန်းဆက်သွယ်ရေးခက်ခဲသော်လည်း မြေသားလမ်းကိုလမ်းကို ကျောက် ချောလမ်းအဖြစ် ခင်းပေးရန် ကျေးရွာသားများက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိပဲ လမ်းပန်း ဆက်သွယ်ရေးအတွက် သုံးဘီးဆိုင်ကယ်(၄)စီး ၊မော်တော်ဆိုင် ကယ် (124)စီးတို့ကို အသုံးပြုလျက်ရှိကြ သည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာရှိ အိမ်ထောင်စုအားလုံးတို့သည် လျှပ်စစ်မီးရရှိခြင်းမရှိဘဲ ဆိုလာစနစ် ကိုသာ အသုံးပြုနိုင်သေးသည်။ဆိုလာစနစ်သည် ချက်ပြုတ်၍ မရခြင်းကြောင့် သဘာဝ သစ်တောများပြုန်း တီးခြင်း ၊မီးအားမလုံလောက်ခြင်းများရှိသည်။ထိုကြောင့်ကျေးရွာမှ လျှပ်စစ်မီးရရှိရေးကို လိုလား လျက်ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြား လူမှု ဝန်ဆောင်မှုလုပ်ငန်း များအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီ ဖြစ်သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ

မကောင်းမွန်သေးသော်လည်းအခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြု နိုင်ခြင်း အားနည်းသည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦ မရှိသေးသော်လည်း ဖတ်စရာစာအုပ်များရှိသည်။ ရွာသားများသည် သတင်းစာ၊ဂျာနယ်တို့ကို လည်းဝယ်ယူ ဖတ်ရှုကြပြီးတစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အနည်း ငယ် သာကောင်းမွန်ကြောင်း တွေ့ရှိရပါ သည်။

၆။ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ သက်ကြီး ရွာသားအများစုသည် ဘုန်းကြီးကျောင်းသင်ပညာရေး ကိုသာရရှိကြပြီး အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြသည်။ အလယ်တန်းနှင့် အထက် တန်းပညာတတ်ဦးရေနည်းပါးသည်။ ဘွဲ့ရအရေအတွက်မှာအလွန်ပင်နည်းပါးသည်။ ကျေးရွာ တွင် အခြေခံပညာရေးကိုကျေးရွာရှိမူလွန် ကျောင်းတွင် သတ္တမတန်းအထိ သင်ကြား နိုင်သဖြင့် မူလတန်းအရွယ်ကလေးများမှာမူလတန်းပညာကို သင်ကြားကြသည်။ အလယ် တန်း၊ အထက်တန်းကျောင်းပညာတို့အတွက် (၁၂)မိုင်ကွာဝေးသည့် ကလောမြို့တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်းပါးဆဲဖြစ်သည်။

၇။ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ(၁) မိုင်ခန့် ဝေးသည့် တောင်လားရွာမရှိ ကျေးလက်ဆေးပေးခန်း၊ (၉) မိုင်ခန့်ဝေးသည့် ကလောမြို့နယ် ဆေးရုံတို့သို့ ကားလမ်းဖြင့် အလွယ်တကူသွားရောက်ကာ ရရှိနိုင်ကြသည်။ မြို့နယ် ဆေးရုံသည် လျှပ်စစ်မီးရရှိသည့်အလျောက် အအေးခန်းဖြင့်သိုလှောင်ရန် လိုအပ်သော ဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။ ဆေးဆိုင်များမှာ ကလောမြို့တွင်သာ တည်ရှိပြီး လိုအပ်ပါက အလွယ်တကူ သွားရောက် ဝယ်ယူနိုင်သည်။

သောက်ရေအတွက် ချောင်းရေ၊ စိမ့်စမ်းရေ၊ မိုးရေ၊ တွင်းရေ၊ အများသုံး မြေသားရေကန် ကိုသုံးစွဲကြပြီး တစ်နှစ်ပါတ်လုံး၊ မိုးတွင်းကာလသာ လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါး တတ်သော ရောဂါဖြစ်ပွါးမှု များ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ မှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူ သည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံ အထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ် တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင် ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင် မုန်တိုင်း၊ ငလျင်စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လေ့မရှိပါ။ မြစ်ချောင်းများ မရှိသောကြောင့် ရေကြီးရေလွှမ်းခြင်းဘေးမှလည်းကင်းဝေးသည်။ မိုးဦးကျ ကာလတွင် လေနီကြမ်းတိုက်ခတ်မှု၊ နွေရာသီတွင် တောမီးလောင်ကျွမ်းမှုမှ တစ်ဆင့် ကူးစက်နိုင်သည့် ဘေးအန္တရာယ်သာတခါတရံတွင် ကြုံတွေ့ရတတ်သည်။သို့သော်လည်း မိုးရွာနောက်ကျခြင်း၊ မိုးခေါင်ခြင်းနှင့် အချိန်အခါမဲ့မိုးရွာသွန်းခြင်းစသည့် ရာသီဥတု ဖေါက်မှုများမှာ နှစ်တိုင်းလိုလိုကျရောက်တတ်ပြီးတောင်သူများ၏ စီးပွားရေးကို များစွာ ထိခိုက်ပျက်စီးစေသည်။

၉။ကျား– မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားနှင့် မိသားစုအတွင်း ကျား/မ တို့၏ အခန်းကဏ္ဍမှာအမျိုးသားများကသာ ဦးဆောင်၍ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအရေးကိစ္စများတွင်လည်းအမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းအပြင် အိမ်၏စီးပွားရေး လုပ်ငန်းဖြစ်သည့်စိုက်ပျိုးရေး လုပ်ငန်းများတွင် လည်းဝင်ရောက်လုပ်ကိုင်ကြသည်။ ကျားနှင့် မ အကြားပြင်းထန်သောအိမ်တွင်းအကြမ်း ဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ် များတွင်အခွင့်အရေးတူညီစွာရရှိသည် ဟုယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်း ဂဏန်းများအရမူလတန်း ၊အလယ်တန်းနှင့်အထက်တန်းများတွင် အမျိုးသမီး များ ကျောင်းတက်မှုပိုများသည်ကိုတွေ့ရသည်။ ကျား၊မအရေအတွက်မှာ အလွန်ကွာခြားမှု မရှိသဖြင့်အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု

တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုနည်းကြောင်းတွေ့ရပါသည်။

အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူအမျိုး သမီးပါဝင်မှုအသင့်အတင့်ရှိကြသည်။ ကျားမတန်းတူ ညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ ကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ် လာ နိုင်ပါသည်။

၁၀။ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
လျှပ်စစ်					
	၁။ ကျေးရွာလျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း	၉၂	၁	– လျှပ်စစ်မီးသွယ်တန်းခြင်း	ကျေးလက် ဦးစီး
ကျေးရွာအဆောက်အအုံ					
	၂။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း	၇၂	၂	–မြင်းတိုက်လမ်းကတ္တရာလမ်းခင်းခြင်း(၆)မိုင်	
ဆက်သွယ်ရေး					
	၃။ ဆက်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း	၇၂	၃	**ဖုန်းတိုင်**	

ကျန်းမာရေး				
	၄။ ကျန်းမာရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း	၆၈	၄	– ကျန်းမာရေးဆေးပေးခန်း – ဆေးဆရာ၊မ (၂)ဦးခန့်ထားပေးရန်
လူငယ်ဖွံ့ဖြိုးရေး				
	၅။လူငယ်များပညာဗဟုသုတ တိုးပွားအောင်ဆောင်ရွက်ခြင်း၊ အားကစားတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း	၅၄ ၄၀	၅ ၁၀	- စာကြည့်တိုက်ဆောက်လုပ်ရန်။ –တိုက်နယ်ဘော်လုံးကွင်း
ပညာရေး				
	၆။ ပညာရေးတိုးတက်ကောင်း မွန်အောင်ဆောင်ရွက်ခြင်း	၅၀	၆	–ပညာရေးနှင့်ပတ်သက်သောဟောပြောပွဲ
သစ်တော				
	၇။ သစ်တောပြုန်းတီးမှုလျော့ချ	၄၈	၇	– သစ်ပင်များစိုက်ပျိုးရန်

ခြင်း

ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း			
၈။အတိုးနည်းချေးငွေရရှိအော င် ဆောင်ရွက်ခြင်း။	၄၅	၈	–အတိုးနည်းရန်ပုံငွေ။

အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ လျှပ်စစ်မီးသွယ်တန်းခြင်း	၁	———				
၂။ မြင်းတိုက်လမ်းကတ္တရာလမ်းခင်းခြင်း(၆)မိုင်	၂		———			
၃။ **ဖုန်းတိုင်**	၃		———			
၄။ ကျန်းမာရေးဆေးပေးခန်း	၄		———			
၅။ စာကြည့်တိုက်ဆောက်လုပ်ရန်။	၅			———		
၆။ ပညာရေးနှင့်ပတ်သက်သောဟောပြောပွဲ	၆			———		
၇။ သစ်ပင်များစိုက်ပျိုးရန်	၇				———	
၈။ အတိုးနည်းရန်ပုံငွေ။	၈			———		
၉။ ဆေးဆရာမ (၂)ဦးခန့်ထားပေးရန်	၉				———	
၁၀။ တိုက်နယ်ဘော်လုံးကွင်း	၁၀				———	

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)		
			သာမန်အသုံ	ငွေလုံးငွေရင်းအသုံးစရိတ်	လူသားချင်းစာနာမှု

			်း စရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	ဆိုင်ရာထောက်ပံ့မှု
၁	လျှပ်စစ်မီးသွယ်တန်းခြင်း			√		
၂	မြင်းတိုက်လမ်းကတ္တရာလမ်းခင်းခြင်း (၆)မိုင်			√		
၃	**ဖုန်းတိုင်**			√		
၄	ကျန်းမာရေးဆေးပေးခန်း			√		
၅	စာကြည့်တိုက်ဆောက်လုပ်ရန်။			√		
၆	ပညာရေးနှင့်ပတ်သက်သောဟောပြောပွဲ			√		
၇	သစ်ပင်များစိုက်ပျိုးရန်			√		
၈	အတိုးနည်းရန်ပုံငွေ။					
၉	ဆေးဆရာ၊မ (၂)ဦးခန့်ထားပေးရန်					
၁၀	တိုက်နယ်ဘော်လုံးကွင်း					

နောက်ဆက်တွဲ(၁)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

ဆေးမြို့နယ်၊ မြင်းခြံကြီးရွာ၊ တောင်လေးချောင်းရွာအုပ်စုရွာတွင်ဖြစ်ပွားရေး ကော် မတိဝင်မှုးစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးအေကို		၁၃/ ကလန(နိုင်) ၀၃၄၇၂၃	၅၂		၀၉ ၄၄၅၆၉၀၈၂	
၂	ဦးဆော် မြင့် ဦး		၁၃/ ကလန(နိုင်) ၀၆၇၄၅၈	၄၈		၀၉ ၄၂၈၃၂၉၉၇	
၃	ဦးထူးထူး			၆၂			
၄	မအိသက်			၁၈		၀၉ ၄၅၂၉၃၃၃၉	
၅	မိမိဆွေ			၂၂		၀၉ ၄၂၄၅၂၂၆၉၈	
၆	ဦးကံသာ			၅၈		၀၉ ၄၂၈၃၅၂၀၀၈	
၇	ဦးချမ်းသက်			၅၈		၀၉ ၃၀၀၀၁၃၄၂	
၈	ဦးချမ်းလင်း		၁၃/ကလန(နိုင်) ၀၃၄၆၉၅				ဘဏ်ကိုယ်စား လှယ်
၉	ဦးချမ်းသက်		၁၃/ကလန(နိုင်) ၀၁၀၅၀၀				ဘဏ်ကိုယ်စား လှယ်
၁၀	ဒေါ်မိမိဆွေ		၁၃/ ကလန(နိုင်) ၁၀၄၈၄၃				ဘဏ်ကိုယ်စား လှယ်

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၉	၂၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၁	၂၄	၄၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၁	၅၄	၉၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၀	၄၄	၉၄
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၃	၁၅၁	၃၃၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄	၄	၈
စုစုပေါင်း		**၃၁၁**	**၂၈၆**	၅၉၂
စုစုပေါင်း အိမ်ထောင်စု				၁၄၆

ရင်းမြစ် … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကျား/မအချိုးမှာ ၁ရာခိုင်နှုန်းသာကွာ ခြားချက်ရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေမှာ ၇၂ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များလုပ်ကိုင်နိုင်ရန် အလားအလာကောင်းများရှိပါ သည်ဓနလူမျိုး များအများ ဆုံးနေ ထိုင်ကြပြီး တစ်အိမ်တွင်ပျမ်းမျှလူဦးရေ ၄.၇ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၄၆	၂၃၆	၀	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း		၂	၀	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အတွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	၁၂၆	၂၀၆		☒

ရင်းမြစ် … (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြပြီး အခြားသောကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများလည်းရှိသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၄၀၀၀	၅၀၀၀	၃၅၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေး၊ဆောက်လုပ်ရေး လုပ်ငန်းများတွင် လုပ်ကိုင်သူများ ရှိပါသည်။လုပ်ခများကွာရခြင်းမှာ ယောကျ်ားလေးလုပ်သားအင်အားမှာ မိန်းကလေးလုပ်အားထက်ပိုသော ကြောင့် ဖြစ်ပါသည်။

(က) သဘာဝရင်းမြစ်များ

(က-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၇၂.၅၀	ကောင်း ☑	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၇.၀၀	ကောင်း ☑	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၁၉.၅	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရန်မြေယာများရှိသော်လည်းမြေလွတ်မြေ လတ်မှာ မရှိကြောင်းတွေ့ရသည်။

၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်တွင်းထွက်ပစ္စည်းများမရှိသော်လည်း သဲများရရှိနိုင်ပါသည်။ သဘာဝ အပင်မျိုးစိတ်များလည်းရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၈၉	၃၁	၁၁

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အဆင်ပြေသောအိမ်ထောင်စုမှာနည်းပါး ပြီးအဆင်မပြေသော အိမ်ထောင်စုမှာများပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၃၁	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၂၁ လုပ်အားခကြိုယူ = ၁၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ကိုင်နေချိန်တွင် အဆင်မပြေမှုများရှိသောကြောင့် ဖိလမှာ၁၂လဝမ်းစာဖူလုံသောအိမ်ထောင်စု ၃၁စုမှာ ဆွေမျိုးများထံမှချေးယူ သုံးစွဲကြရသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှု မရှိသောသက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များ ကျေးရွာတွင်မရှိသော်လည်း အမျိုးသမီးဦးဆောင်ရသောအိမ်ထောင်စုများ မှာ ထိခိုက်လွယ်၍ အဆင်မပြေ မှုများရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ထိခိုက် သက်ရောက်လွယ်သောအခြေ အနေများမရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၂၀	ကားမောင်းဦး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အမျိုးသမီးဦးဆောင်ရသောအိမ်ထောင် စုများထိခိုက်လွယ်သောအခြေအနေမှာအလယ်အလတ်တွင်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၂		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရှင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။
(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့များမရှိပါ။ ထွက်ပေါ်ရန်လိုအပ်နေပါသည်၊

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)
(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)
(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**
(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)
(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)
(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)
(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊

လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင် ရွက်သောပြင်ပအဖွဲ့အစည်း များမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ **စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၀၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၄၆	

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စုမှာ နည်းသော်လည်းစိုက်ပျိုးရေးကိုသာအဓိက လုပ်ကိုင်ကြသောကြောင့် သင့်တင့်မျှတရုံသာရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၆	လက်ငင် ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိုးရေကိုသာအဓိကအားကိုးအားထားပြု၍ သီးနှံများစိုက်ပျိုးကြပါ သည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအား စုလိုအပ်ချက် (မှန်ရာတစ်ခု ကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	၈၅	တင်း	၅၀	၇၀	၆၀	ဇူလိုင်	ဒီဇင်ဘာ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
ဂျင်း	၁၀	ဝိဿာ	၂၅၀၀	၄၀၀၀	၃၆၀၀			မြင့်☐လတ်နိမ့်☐	မြင့်☐ လတ်☐နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ဆန်စပါးကို အဓိကစိုက်ပျိုးကြပါသည်။ သွင်းအားစုလိုအပ်ချက်နှင့်အမြတ်ရရှိနိုင်မှုမှာ သင့်တင့်မျှတပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၃	၀	၀	၀
လက်တွန်းထွန်စက်	၆	၀	၀	၀
အစေ့ချ ကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၉	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်စိုက်ပျိုးရေးကို လုပ်ကိုင်ရာတွင် တိရစ္ဆာန်များကိုသာအ သုံးပြုကြသည်။စက်ပစ္စည်းများမှာနည်းသောကြောင့် အခက်အခဲများရှိပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☑**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☑**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ ☑**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်တိုးစေရန် မြေသားမြေဆီလွှာကိုပြုပြင်၍ မြေဩဇာများ အလွယ်တကူ သုံးစွဲနိုင်ရန်လိုအပ်ပါသည်။စိုက်ပျိုးရေးနည်းပညာများကိုလည်း ကျေးရွာသူ/သားများအား သင်တန်းများပို့ချပေး ရန်လိုအပ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☑**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☑**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ ☑**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်တိုးစေရန် ရာသီဥတုမမမှန်ခြင်း၊ချေးငွေမရရှိခြင်းကြောင့် အဆင်မပြေမှုများရှိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၀	၁၅၀
နို့စားနွား	၀	၀
ကျွဲ	၂၀	၁၁၀
မြင်း	၆	၆
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၁၂	၁၂
ကြက်	၁၂	၆၅
ဘဲ	၀	၀
နွားနောက်	၀	၀
ငါးလုပ်ငန်း		
